တွင်းသင်းတိုက်ဝန် မဟာစည်သူ ရေးသည့်။

ပေါရာဏကထာစာတမ်း၏အရ

နော်ဆရာတို့ လက်ာစီကုံးထားသော

ပေါရာဏကထာလင်္ကာသစ်။

နှင့်

ရှင်မဟာသီလဝံသဆို

ပေါရာဏကထာလင်္ကာဟောင်း။

တွင်းသင်းတိုက်ဝန် မဟာစည်သူ ရေးသည့်။

ပေါရာဏကထာစာတမ်း၏အရ

နော်ဆရာတို့ လင်္ကာစီကုံးထားသော ပေါရာဏကထာလင်္ကာသစ်။

၁ မှတ်လေဘွယ်ပင်။ နိဒါန်းဆင်မူ။ ရှေးလျှင်သူဟောင်း။ ခေါ်ဝေါ်ရှောင်းလည်း။ လမ်းကြောင်းမတွင်။ ရှိလှည့်ကျင်၍။ သိမြင်လွယ်ရန်။ ဓိပ္ပါယ်ပြန်အံ့။ ။လက်မွန်သည်ကား။ ရှေးဖျားရှေးဦး။ ကျီးကျူးချွတ်လွဲး။ ဖက်လဲးတကင်း။ ချစ်ခြင်းစုံမက်။ ငေါ်ငက်မနာသာ။ တန်ထွာသဘော။ လသောပြည့်လျှမ်း။ ရမ်းပြည်းရှိသေ။ ရဝေနန်းတိုက်။ အကိုက်အညှော်က်။ တောက်တပိုလျှင်ဆော။ သောကားလွှားထောင်။ ပြောင်ကားအကြီး။ တသီးမှတ်ရန်။ ကျွန်ပိုင်မယား။ တပါးမှတ်လမ်း။ ခြေမစွမ်းမှတ်သင့်။ ယခင့်ကားရှေး။ ဦးလေးငြီးငွေ့။ တပ်ပြေ့ချစ်ကြင်။ ရှောင်းတခင်တောက်ပတ်။ လျှင်ဆောမှတ်လော့။ အမြတ်ရွှေမှောက်။ မြစ်အောက်ဥတ္တရ။ ခြကားကွဲးအက်။ တက်လောက်တက်လဲး။ ဝမ်းထဲပူဆွေး။ တံဆေးသုံးသေး။ ခေါ်ရေးတမန်။ သဝန်တံထား။ မှာကြားစာစောင်။ မြေခေါင်ရပ်ဝေး။ မြတ်သန္တေးကား။ ဆေးဦးခေါင်းလျှော်။ မျို့သစ်ခေါ်၏။ လူဘော်ခေါ်ရေး။ ခွက်သန္ဓေးကား။ ငွေကြေးဘလား။ စူးစားရှာဖွေ။ ဖျားဒီရေနှင့်။ ရွှေကိုဂီဝါ။ သာလကာကား။ ချမ်းသာသုခ။ အကံငကား။ ဟီနယုတ်မာ။ ကင်္ကာမျက်မှောက်။ ကောက်ကစင်းကား။ သွားလာလမ်းစဉ်။ ရဉ်ဟူသည်မှူ။ ဖြတ်သည်ဟူ၏။ ပတူပယင်။ ဖွဲ့နွဲ့ဆင်၏။ ယဂင်အစီ။ တလီဦးလုံး။ ဆံထုံးခေါ်ထွေ။ သျှောင်ခေါ်ချေသည်။ ။မှတ်လေအစဉ်တလျှားတည်း။

၂ မှတ်လေဖွယ်သာ။ နိဒါန်းဖြာပိမ့်။ ဥပါဘီလူး။ ဝဲးမကူးခြားသီး။ ခါးဆီးဝတ္တု။ အိမ်မှုလျော်ဒဏ်။ တော်လှန်မင်းစစ်။ သူကောင်းဖြစ်၏။ ကံမြစ်ဆုမ္မ။ ဒုဟနှစ်ကွဲး။ ဝတဲးဥတဲး။ ဖွင့်မြဲးတံခါး။ ဆတ်မြားကြမ်းကြုတ်။ နားမှုတ်ခေါ်တွင်။ နားဝင်အောင်ဆို။ ဗဟိုအလယ်။ သဟယ်သဟဲ။ မှီတွဲအဖော်။

ခရော်ခရွတ်။ မညီညွတ်တည့်။ ပူအတ်ပူအစ်။ ပူလောင်ခြစ်စွ။ သစ်သစ်ဆိုရန်။ မကျန်မကြွင်း။ သစ်ဆင်းဘဒြ။ လေ့ပွဲးရ၏။ လတော်သလင်း။ ခပင်းခပဲး။ မကွဲးအများ။ စိတ်ပြားဖွေရှာ။ တတ်လိမ္မာရှင့်။ အားမသာနုတ်ကြမ်း။ တံစမ်းရေထွက်။ တီတွက်ဖင့်နွဲး။ တပဲးတူမျှ။ မဆွရေးဖျား။ လံပါးဖျဉ်းအိုး။ ကိုးကိုးကားကား။ ရဉ်သွားတင့်တယ်။ သွတ်လှယ်မပြတ်။ ကတ်လတ်ကန့်လန့်။ တွန့်ကားမြူးဟန်။ ကွန်ကားပျံ့တက်။ အနက်ဥစ္စာ။ မန်းမှာစကော။ နှစ်နော့စဆုံး။ ဦးပြိုးခုံတိုင်။ တောင်ကိုင်မြေရပ်။ ဘေးလွတ်လပ်၏။ ဆပ်ဆပ်မုချ။ တဒင်္ဂမူ။ တခဏသမုတ်။ ဝက်ခုတ်ဝါကြိတ်။ ဒလိဒ္ဒလာ။ ကပ္ပနာထီးကျန်။ ကိုက်ကန်ရေတွက်။ တသက်လျှာဟု။ မကြာလျှင်ဆော။ ဖြန်းတောလျင်မြန်။ တတန်ချပ်ချပ်။ လျပ်လျပ်နှစ်မည်။ လျင်သည်သာချည်။ သိမ်းပြည်းရှိမ်းပြည်း။ နှစ်နည်းရှက်ကြော်။ သအောက်သအုန်။ မှုန်မှုန်ဆန်ဆန်။ လူ့ဌာန်ထွေထွေ။ ရှေ့နောက်ဘွေသည်။ ။မှတ်လေအစဉ်စကားတည်း။

၃ မှတ်လေဘွယ်ကို။ နိဒါန်းဆိုပိမ့်။ စိုစိုပြည်ပြည်။ ကြာမြင့်သည်တည့်။ တလည်လည်မူ။ အတူတူတည့်။ ပစ္စူဆိုရိုး။ ပုဆိုးဖြူလှပ်။ ကပ်လပ်အမြဲး။ အော်လဲးတပုံ။ တလုံလဲးလဲး။ နှစ်ကွဲးဆိုဟန်။ ကြိမ်ဖန်အများ။ ဒေါမားအိုးကြီး။ တန်စီးရွံ့ညွှန်။ မကန်လွန်ကဲး။ ကုတ်သဲလုံ့လ။ ပြုကြမကွဲး။ လင့်ကဲးတဖြာ။ မျက်နှာရှစ်ရပ်။ ချပ်တိချပ်နှောင်။ လျင်မြန်ဆောင်၏။ ယခေါင်ဝေးရှည်။ ကျိုးကျည်အာသံ။ မောင်နံ့လင်းမှိုး။ မသီးမခြား။ လင်မယားတည့်။ မီးတားတန်တိုင်း။ ပရိုင်းခြံပွတ်။ ရှဲခတ်သမိုက်။ ကိုက်ရွှေပေါ်ချော။ စောကျောထော်ချင့်။ နိမ့်မြင့်မျှော်ရှု။ ကယုကယင်။ သွင်ပြင်တင့်တယ်။ ဓဝယ်ညှင်းမျိုး။ အမိုးပိတ်ကွယ်။ မဝယ်မလှယ်။ မှတ်ဘွယ်ရေးငြမ်း။ ကမ်းလှမ်းမနီး။ ဘုံပတီးမူ။ ခင်းနှီးပိတ်ပါး။ စုလျားဖြူလွှင်။ ပေါ်တင်ပုဆိုး။ အဲးခိုးအားသံ။ ခါရံကာလ။ ရံခါမျှတည့်။ တိုင်းတွကြာရှည်။ တရထည်မူ။ တူသည်သဘော။ မုနော့စံခွင့်။ အတင့်အတော်။ တွေးငေါ်သံငက်။ နှုတ်ပွက်စကား။ သိစားသိမြင်။ ကြင်လျင်ကျွမ်းခြင်း။ ညီလင်းတိမ်းစောင်း။ နှစ်ထောင်းအားရမ်း။ ဝမ်းကားမနော။ နှစ်မြောစုံမက်။ အက်ကားရွှင်မော။

တိတ်တောလျှောကျ။ ပတ်လျှငယ်နေ။ ယခုပစ္စုပ္ပန်။ အကုန်သွန်၍။ မချန်ပေး စွန်။ အစိုးသွန်မှု။ မချန်မချွင်း။ ပေးကမ်းခြင်းတည့်။ ခွက်ခွင်းကိုမှု။ လင်း ကွင်းဟူ၍။ မြန်လူသူစိမ်း။ ခပ်သိမ်းလုံချုံ။ ပတုံပလှဲ့။ မရှိမဲ့တည့်။ မဟဲ့ မဟော။ မတွေ့မရှိ။ နတ္ထိအနေ။ လွဲမသွေသည်။ ။မှတ်လေအစဉ်မပြားတည်း။

၄ မှတ်လေခွန့်ရှည်။ နိဒါန်းဆည်ပိမ့်။ ထူးတည်အနီး။ ဝှဲချီးချီးမြွောက်။ အ ဆောက်အဦ။ ပည်းတူခြံရံ။ နက်တံတိမ်နက်။ ကြံထက်ပညာ။ သည်လျှာ သည်ပင်။ ထိုပြင်တရိုး။ သည်မျိုးသည်ရန်။ တတန်ဆွေသည်။ ချစ်ကြည် မယွင်း။ သည်ရင်းသခင်။ ဆွေအိမ့်ရှင်ကား။ လင်နှင့်မယား။ ခြားနားတသီး ။ ဇနီးအိမ်သူ။ မယားဟူ၏။ ပိတ်လူပိတ်ထုန်း။ ဆုန်းဆုန်းစဉ်ထွက်။ ယွက် ယွက်ယွင်းယို။ ဥဒါဟိုကား။ လူဗိုလ်မစဲ။ ပုလဲးတမူး။ ကြည်နူးမြတ်လေး။ တင်ကျေးထွန့်ထွန့်။ အခွန့်ဟူသည်။ အရှည်အလျား။ မှုန်စားနှိုးဆော်။ ကော်ရော်ရှိသေ။ မှဲ့မှည်းချေတည့်။ ပလေလက်ချား။ စကားပေါ့သွပ်။ အောက်ရပ်အထဲး။ ပြိုင်တဲးထိခိုက်။ တိုက်ကားရိုက်ပုတ်။ အစုတ်တသွယ်။ ပေါယယ်ဖြင့်ပည်း။ နည်းအခြားခြား။ များ၏အဟုတ်။ စရကုတ်ကား။ သူ ယုတ်သိခြင်း။ တင်းလင်းတည်းလည်း။ တန်းလမ်းချည်းတည့်။ နည်းမထူးပြီ ။ ခိပ္ပါယ်ညီ၏။ မဖီမဆန်။ မကြူးလွန်တည့်။ အိုးတန်အိုးခွက်။ ဖုံးဖွက်စ လောင်း။ တောင်းကားအတို။ တန်စိုနှမျစ်။ ဖက်ထစ်အမြဲး။ ကြလဲးခနောင်း။ မြစ်ချောင်းရေဝဲး။ စဲးစဲးအသစ်။ စုလစ်အထွတ်။ တမွတ်မြတ်ဖြား။ ဟုပ်စား ညဥ့်ငှက်။ လုယက်ဖျက်ဆီး။ သင်းသီးတခြား။ ဖြားနှင့်ဂနိုင်။ မြိုင်နှင့်ရဂုံ။ စုံနှင့်ဟောဝန်။ ဟေမန်ဟေမာ။ ရိပ်သာဆိုင်းဆိုင်း။ အင်တိုင်းစေးပျစ်။ တော ချည်းဖြစ်၏။ ညွှန့်သစ်ဆောင်းဆောင်း။ နှာမောင်းနွယ်ဖျား။ ပိတ်ပေါင်းကား ခြံ။ လူ့ဘုံထွေထွေ။ ခေါ်ကြလေသည်။ ။မှတ်လေအယဉ်အကျေးတည်း။

၅ မှတ်စိမ့်နောင်လာ။ နိဒါန်းသာစိမ့်။ မထောင်တာလူလတ်။ ခပ်သွတ်လျှင် ခုပ်။ သရုပ်ဖော်ပြ။ ကာလအရှည်။ စက်ဝန်းလည်တည့်။ ထူးတည်သိပ်သည် ။ ယရည်းဆင်ထိန်း။ ပျော်စံကိန်း၏။ မိန်းကားငြိမ်သက်။ စက်ကားအိပ်

ပျော်။ ခဲးလှော်ခက်ရပ်။ ပိတ်စပ်အနံ့။ သတင်းပျံ့၏။ ဖို့ရွှံ့ကြောက်ငြင်။ ရှင်ကိုအရည်း။ ရထည်းပိတ်ထည်။ စီရင်ကြည်သည်။ ယွင်းဖည်ယိုယိုင်။ ဂလိုင်ဆူရိုက်။ အောက်ကလိုက်၏။ ထက်တိုက်ဆို့မှု။ ယခုတိုင်အောင်။ လူ့ဘောင်သက်ဆင်း။ စင်းလျင်းမပြတ်။ အပတ်အကုတ်။ အားထုတ်အမ်ချ။ ဝီရိယမယုတ်။ ကုတ်ကုတ်ကော်ကော်။ စေ့ဆော်လုံ့လ။ တောင့်တသွေးချို။ ဆုရည်းဆို၏။ တံသိုတိုင်ဘူး။ သောက်ရှူးစိုက်ရှူး။ ဆေးထူးသောက်ကြာ။ မြို့မှာကာလ။ လျင်စွာ့ချက်ပြုတ်။ ပါဠကုပ်ကား။ ဖော်ထုတ်ဠကထာ။ ပက်ပါရင်ဆိုင်။ တိုင်ထိဆင်းရဲး။ မကွဲအတ္ထ။ တွင်းဆုံးကျလည်း။ ဒုက္ခအပြီး။ အကြီးမိမိုင်း။ ကြံသိုင်းမြော်မြင်။ ဘင်ကားညစ်ကြေး။ ချေးသစ္စေးတည့်။ စိတ်စေးဝေါဟာ။ နာလောတိုက်တွန်း။ ထင်းပန်းမှတ်ခြင်း။ မယွင်းနှင်းပန်း။ နှန်းနှန်းရည်တူ။ ထက်မူဘဝဂ်။ နရက်ကားအောက်။ အဆောက်ဒါးရိုး။ နတ်ကိုးတင်ရွယ်။ နတ်ဘွယ်ဆိုနည်း။ လက်တည်းလက်ကြပ်။ ကွမ်းကပ်ပန်းတောင်း။ ထောင်းကားနှိုတ်စက်။ အုတ်ကျက်ညံ့ညံ့။ စဲးသောင်ယံတည့်။ ဆံထုံးစုလည်း။ ရိုက်ကျည်းကျော်ဟိန်း။ အပြိန်းလွှန်လေ။ ခွဲဝေလိုက်သည်။ ။ မှတ်လေအစဉ်တပေါ်းတည်း။

၆ မှတ်လော့စဉ်စီ။ နိဒါန်းချီပိမ့်။ သွေးသီပြောဆို။ ဦးမစိုက။ မတောင့်တတည့်။ တန္တမောသော။ ခိုးသူဟော၏။ ဖြော်ဖြော်များလှ။ ကုံဝပြည့်စုံ။ များဉသုံတည့်။ တုံကားရပ်တည်။ ကျည်ကားခိုင်မာ။ မင်္ဂလာမျှို့။ ပြတို့ထွေးခံ။ ဟစ်ကြော်သံကား။ ကျုံကျုံတမည်။ ကျည်ကျည်ကျာကျာ။ တွင်ဝေါဟာ၏။ ငါသာကြုံးကြုံး။ ဟုံးစုံသံပ။ ဆင်ကအဟည်း။ မြေသော်ကြည်း၏။ မြင်းလည်းအဟီ။ သံပြီသံပြိုင်။ အပြိုင်အညီ။ သနီသနဲး။ ခြမ်းအခွဲးတည်း။ ရှဲးကားခွါထွေ။ သဟေက္ကျမ်းဝင်။ ယခင်ကားတော်။ သဲးသောင်သော်မှု။ ခေါ်ဝေါ်ပြင်ကြီး။ စစ်စီးနိုင်းရှုံ့။ ကြွင်းမဲ့ချက်ကုံ။ အောက်အုံဆွေးမြည့်။ များ၏ကြွေ့ကြွေ့။ လွှေ့လွှေ့ပြည်းထူ။ အောက်အူနံစော်။ သရော်ညစ်ကြေး။ ကြော့သွေးအကြောင်။ သံလျောင်သံကြုံး။ ကန်သင်းပျုံးနှင့်။ ကန်ရိုးကန်ပိုင်။ ထိမ်းခုတ်ချိုင်၏။ ချက်ရိုင်ပြည့်စုံ။ ကြိုက်ကြုံချက်တွေ့။ ခလော့ဆိုရိုး။ အမျိုး

ဒေသ။ ကုလမဖောက်။ ဝသီရောက်၏။ လုံမစောက်မှာ။ သမာစိဏ္ဍာ။ ကောင်းလှမဖောက်။ အကျင့်ရောက်၏။ ချောက်ကားကျော်ကြား။ ချောက်ချားလှုပ်တုန်။ ဖားခုန်ဖားဆင်း။ နိမ့်နင်းမညီ။ ကသီလင်တ။ ဆင်းရဲးကျ၏။ မျောက်မလင်စောင်။ ရှောင်ခွါသရည်း။ ညစ်အတည်းတည့်။ ထက်ချည်းယွင်းကွာ။ သိစိမ့်မှာသည်။ ။မှတ်စာအပြင်အထွေးတည်း။

၇ မှတ်လမ်းစဥ်စီ။ တထုံးချီပိမ့်။ မြီကားသူ့ကြွေး။ ပစေးပဥိ။ ကြည်ဖြူမဆို။ ရှိသေကင်းလစ်။ တစ်ကားဆွတ်ဖြန်း။ ပွတ်တွန်းချောငင်။ တွေးတောသင်မှု။ ဆင်ခြင်နှိုင်းဆ။ တလ္လရွှံဘွယ်။ နှောင်မယ်ဆိုမှု။ မယ်မောင်ဟူ၏။ ရည်ချူလှမ်းဆွတ်။ လွှတ်ကားပူဇော်။ လှူပွဲခေါ်၏။ ငေါ်မကောင်းချက်။ အနံ့ပျက်၏။ ညှီရှက်အရှောက်။ စစ်တလောက်တီးမောင်း။ ပေါင်းပည်းပေါင်းကုတ်။ သူနုတ်ယုတ်မာ။ အလျာဟူသည်။ ပုံလောင်းမည်၏။ အသည်အဝါ။ တင့်တယ်စွာ၏။ လံပါအင်စောက်။ သယောက်ညစ်ညမ်း။ မအော်အမ်းကား။ သွမ်း၏မှတ်ရာ။ ခူမာငယ်ကြီး။ ဝှဲချီးဆိုသည်။ အံ့သြသည်တည့်။ ဖရည်ယစ်မူး။ မယ်ဖြူအိုးကင်း။ သင်းချောစင်ကြယ်။ ကုံကယ်အများ။ ငွါးငွါးမှာသော်။ အမြင့်မော်၏။ ကုတ်ကော်ခက်ခဲ။ ဖအဲးဖအေ။ ထွေငေါ်ထွေသံ။ ဆိုသံစကား။ နှရားကြောက်ကြိမ်း။ သိမ်းပကားသိမ်းစည်း။ နည်းအထွေထွေ။ များလှချေသည်။ ။ကြိလေရှေးသူစာဟောင်းတည်း။

၈ ကြိလေစရာ။ ပြောပြမှာအံ့။ တောင်တာရှည်လျား။ မှုန်မွှားဆိုလစ်။ နစ်တုံပေါ်တုံ။ ကြေးမုံမှုကား။ ကြေးပြားဖြူလွှင်။ မှန်အသွင်တည့်။ ကြမ်းပြင်ဟူသည်။ အကြည်ခေါ်ခြင်း။ ကြမ်းတပြင်းတည်း။ အတွင်းမဟူ။ ပြင်ပင်ယူလော့။ နည်းတုံဆိုဟောင်း။ လည်းကောင်းခေါ်ဆို။ နှောင်းစိုခေါ်ကြ။ နောက်ကာလတည်း။ ခဏမဟုတ်။ ချက်ဖြုတ်လျင်လျား။ ချက်ကားအလယ်။ တသွယ်ပညပ်။ လိမ်းသပ်ဖွယ်မှု။ ပြုသည်ငါးပါး။ ရှစ်ကွက်ကျားကို။ တကျစ်ဆို၏။ ဦးချိုခေါ်မှတ်။ တည့်မတ်စူးစူး။ မီးရှူမြော်ကာ။ ဖွားမျက်နှာမြင်။ ရေပြင်တံရှောင်း။ ချီးသောင်းချီးမွမ်း။ မြစ်၏ကမ်းကို။ ခမ်းသမှတ်မြဲ့။ ကမ်း

နုတ်စို့ကား။ ကမ်းသို့နှုတ်တိ။ တရှိဆိုဟန်။ မလွန်မကျူး။ မူးမူးဆိုမြဲ။ ဆဲး ဆဲးအနီး။ လုံးသီးလုံးပေါ်။ သဘောမိကာ။ တမ်းစေ့ကာတည့်။ ဗီလာဇကေန်။ မုချမှန်၏။ လှန်ကန်ပွါးတိုး။ ရှေးရိုးမှာကား။ ရှေးသွားရှေ့ဦး။ တထူးမှတ် ရာ။ နွယ်တာနံကာ။ ဝါဆိုဝါခေါင်။ ရောင်ခဲ့တုံမှ။ သံတူလမူ။ ဝါကကင်း လွတ်။ သတင်းကျွတ်တည့်။ ပူးပွတ်မကွာ။ လတာကျယ်ဝန်း။ ကြင့်နှန်းအ မြတ်။ ချေချွတ်ပြောဟော။ ပြောပအများ။ ကုန်းကားရန်တိုက်။ ခိုက်ဆဲးခိုက် ဆည်း။ နှစ်နည်းရန်ဖြစ်။ သရစ်အညွှန့်။ အခွန့်များစွာ။ တကာအများ။ စကားထွေထွေ။ ခြားလှချေသည်။ ။မှတ်လေရှေးသူလမ်းကြောင်းတည်း။

၉ မှတ်လေစရာ။ တကြောင်းမှာအံ့။ ပလာဟင်းလင်း။ ညီလင်းတိမ်းစောင်း။ ဦးမထောင်းကား။ ဘေးများမရှိ။ ပစိနိပ်စက်။ ယုတ်ယက်တခင်း။ လက်ငင်း လျင်ဆော။ ရှရောနှောတည့်။ ပလောဖြောင့်စင်း။ ရောင့်ရင်းတူကွ။ ငယ်က ပျော်ပါး။ ကစားကြခြင်း။ ရိုးရင်းမကွေ။ ကြီးမိတ်ဆွေတည်း။ ပြွေကားမှုတ် ဝါး။ ခုကားပလွေ။ ခေါ်ပြန်ချေ၏။ မြောက်မြေပိုင်ဆန်း။ လုပ်ငန်းပြေရှုံ။ ရိပ်မြုံနေရာ။ ကူဟာတွင်မည်။ ကဝါသည်တည့်။ ရမ်းသည်ရှိသေ။ ဆိုထွေ တကွ။ ရမ်းဘဲးသဘော။ မှတ်လောဟုတ်သင့်။ လေးဖင့်ဟူထွေ။ ဣန္ဒြေ စောင့်ရေး။ ဆေးလေးစောင့်ချုပ်။ ကြုပ်ကားအဆင့်။ တဖြင့်ခြားနား။ ချော် ကားကြမ်းမာ။ လွှာလွှာပါးပါး။ ရှူးရှားကုန်စင်။ ထိုပြင်တခြား။ ယိုးယားဟူ ရာ။ ရှောင်ရှားစွာ၏။ အမာဟူသည်။ အနာမည်၏။ ပက်ပည်တည့်တည့်။ ကြည့်နဲကြည်နူး။ ပျင်းရိယူလော။ ဟူမိကနား။ မဆုတ်ရှားပြီ။ ချောင်းကား ငယ်ညှံ့။ ဖြိုးမှူ့ဖွံ့၏။ ဆွတ်ဖြန့်ဦသည်း။ လွမ်းစိတ်ပည်းစွ။ လိပ်လည်းတိမ်း စောင်း။ တောင်းလောင်းခေါ်ဆို။ ဖြတ်တိတို၏။ ဦးမစိုမှာ။ မရှာမဖွေ။ စိမ့် ချေငြိမ်သက်။ မခေါက်ရက်တည့်။ နှစ်သက်အင်ပြည့်။ သလည့်သလွင်း။ ရောနှောခြင်းတည့်။ ပြတင်းတံခါး။ လေသွန်ထား၏။ တခြားလူ့ဘောင်။ ပြ တည်းချောင်မှာ။ အိပ်ရာတိုက်ခန်း။ တုကျွမ်းတုမဲ့။ ပဲ့သူကြီးကို။ တမုန်ဆို၏ ။ ငြိုငြင်ဆင်းရဲ။ ကြဉ်တဲဆိုချက်။ သောက်ရေခွက်တည့်။ လျက်ကားအဖြား။

အရှည်ကားလျောင်။ အန်ထောင်လုံ့လ။ ပြဖြည်စွာ။ ညောင်းညာကြာရှည်။ ဆိုရိုးတည်သည်။ ။အမည်ထူးထွေသောင်းပြောင်းတည်း။

၁၀ သောင်းပြောင်းထူးထွေ။ စကားဖွေပိမ့်။ စီးရေတံလည်း။ စနည်းသည်ကား။ မြွက်ကြားကြောင်းဟိတ်။ အမြိတ်ဘက်စ။ အမ်းမရကား။ အကျအရောက်။ အတောက်မမီ။ လိုလွဲရှောင်တိမ်း။ မုဒိမ်းရန်ဘေး။ ကလေးကုလား။ ထင်ရှားသိမြင်။ ဖြင်ကားအများ။ တခြားခေါ်ချင်။ ဖြင်နှင့်သင်တိုင်း။ မှတ်ပိုင်းဒုရင်။ အင်းကျိပင်တည့်။ စစ်နှင့်စစ်ရေး။ ကြဲသေးဆိုတုံ။ ချပ်ဝတ်လုံတည့်။ တပြုံဖြည်းဖြည်း။ ဖြစ်နည်းဖြစ်ဟန်။ ကြိမ်ဖန်များပြီ။ မတီမရာ။ မအပ်စွာတဥ့်။ လည်မှာဘရက်။ ရိပ်မြွက်လျောင်ကာ။ နီးစွာစေ့ချဉ်း။ ခိုင်မျဉ်းကြာနေး။ တထွေးစာနား။ တွေးကားအကြံ။ ဝလံနွယ်သီး။ ပြုန်းတီးကြေညက်။ ငက်ကားပြောဆို။ စင်စိုရွက်စပ်။ အောက်ရပ်အကြေ။ ရှိသေကျိုးနွံ့။ နွံ့ကားနှိပ်စက်။ တချက်ကလူ။ နှိပ်စက်ယူလော။ မြီးကူသည်ကား။ မြီးဖျားအဖြူ။ ရည်တူဆုရ။ ရည်မှတ်စွတည့်။ ထိုမှတသုန်။ ခုန်ခဲ့တတွန်။ နှစ်တန်ဆိုမူ။ ရုံးတစုတည်း။ ရောင်ပြုသလွင်။ တန်းဆာဆင်၏။ ထက်ခွင်ထက်ဆို့။ အလို့လို့ကား။ တွန့်တို့နောက်ဆုတ်။ သုတ်ကားသေပြောက်။ သောက်ထားထွန်းဝင်း။ လင်းယဉ်ဟူသည်။ လေ့ရွက်မည်၏။ လူ့ပြည်ရပ်မှာ။ ဆိုပေါ်ဟာသည်။ ။ဘာသာရှေးရှေးနှောင်းနှောင်းတည်း။

၁၁ ရှေးရှေးနှောင်းနှောင်း။ သောင်းပြောင်းဆိုရာ။ မှတ်ကုန်နာလော့။ တဖျာလှင်ကန်။ ဆုံးစွန်နောက်ရောက်။ ပန်းသပေါက်ဟု။ ယူကောက်ခေါ်ကြ။ အကံငကား။ ဗာလမှတ်သား။ စူးစားရှာလှည့်။ တည့်တည့်မြဲပင်။ လည်းတောင်ထင်ကား။ ကုန်းခင်ခေါ်ဆို။ မကုတ်ရှိုကား။ ဝန်တိုကင်းပြောက်။ အစောက်ဟူသည်။ ကာလမည်တည်း။ လူ့ပြည်သမုတ်။ ရုတ်ရုတ်ဆိုကြ။ အသံရ၏။ တန္တဘေးဒဏ်။ အန်ထောင်မာန။ ကြုံးပသံပေး။ ဦးမလေးကား။ ဝန်လေးကွာလပ်။ မီးယပ်သားဖွား။ လူဖုန်းစားကား။ သူတောင်းစားမျိုး။ နှင်းနှိုးနှုန်းနှိုင်း။ နှင်းပန်းနှိုင်းကား။ မခြားထူလစ်။ မနှစ်မရှား။ သနားစုံမက်။

မွေးသက်လောမ။ ပျင်းမွေးရ၏။ ထိုမှတနည်း။ တီးလင်းကျည်းမှာ။ ကွယ်ကာမယှဉ်။ ငသည်ကားအသရေ။ ချေကားမှဲ့မည်း။ အသည်းညစ်ကြေး။ ကပ်စေးနဲ့းတံ။ ချံကားခွဲဖွဲ့။ တုံလှုပ်ချဲ့တည့်။ လေးတွဲ့ဂုဏ်ရှိ။ မှတ်ဘိတကွဲး။ လေးတွဲးဆင်ခြင်။ ယှူငင်စမ်းစုံ။ လေးတုံငြိမ်သက်။ တချက်ရှင်နည်း။ မောင်နည်းဆွေနည်း။ ချစ်စည်းမမျို။ ထဲကြည်ညို၏။ မှိုမှိုထွားထွား။ ရှည်လျားဟောင်းမျည်း။ နီးချည်းစေ့ချည်း။ မျည်းကားအိပ်ခါ။ ခင်အိပ်ရာတည်း။ ရှောက်ရှာမိုးသီး။ အတီးရှေ့စည်။ တမည်ခေါ်ခြင်း။ နိမိတ်ခင်းတည်း။ တရင်းတထောင်။ ရွှေတောင်ကားနန်း။ ခေါ်ရိုးမှန်းသည်။ ။ဥဒါန်းနည်းမှာမစောင်းတည်း။ ။

တွင်းသင်းတိုက်ဝန် မဟာစည်သူရေးသည့်ပေါရာဏကထာစာတမ်း၏အရ

နောက်ဆရာတို့ လင်္ကာစီကုံးထားသော ပေါရာဏကထာလင်္ကာသစ်

ပြီး၏။

ရှင်မဟာသီလဝံသဆို ပေါ်ရာဏကထာ

လင်္ကာဟောင်း။

၁ မှတ်သိစေလို။ သွေးချိုတောင့်တ။ ဆုရကားရည်း။ ယမ်းပြည်းရှိသေ။ ရဝေကားနန်း။ သလွန်တန္တ။ ဒီမျှအမှာ။ လာလာတုံသေး။ တံဆေးတမန်။ တဖန်မလှော်ောက်။ စောကျောထောက်သည်။ တလည်ပါးနီး။ အိုးကြီးဒေါ်မား။ တော်ကားအရှင်။ ကန်တွင်မည်ရှုန်း။ ပိတုန်းပိလူ။ ပစ္စူဆိုရိုး။ ပုဆိုးဖြူရောင်။ အိမ်မြောင်တိုတက်။ ကြီးလျက်ရုပ်ဆင်း။ မယွင်းတက်တူ။ မြန်လိုသူစိမ်း။ ခပ်သိမ်းသွားလာ။ နေနားတုန်လှုပ်။ လုပ်သည်ပိုးကို။ ဆိုသည်ကားညောင်း။ မောင်းစစ်တလောက်။ ရွှေမှောက်သနင်း။ မင်းကိုဆိုမြဲ။ သူရမ်းပဲးမူ။ သူ၏အကျင့်။ ဝေမြင့်လွန်လေ။ ဆိုပေလင်္ကာ။ ပျို့ကဗျာတွင်။ များစွာထုံးနည်း။ သို့ချည်းနှင်နှင်။ သဘောမြင်၍။ ။ဉာဏ်ရှင်ရှာဘွေသိတတ်စေ။

၂ မှတ်လောသိသာ။ များစွာဥဒါဟို။ ရေးဆိုမဆွ။ များလှခပဲး။ သရဲးလွှဲးခွါ။ ဖွေရှာစူးစား။ လက်ချားပလေ။ ဆိုထွေပေါ့လျော့။ ကြော့ကျည်းပျင်းရှိ။ ပလိဗောဓ။ ကြောင့်ကြဆိုထွေ။ ရှောင်လေလှီးလွှဲ။ လင်းကဲးတဖြာ။ မကွာစပ်ကြား။ မီးတားပရိုင်း။ အတိုင်းမှတ်မိ။ သိသည်ဂီဝါရ။ ကိုက်ထအလို။ နှာမြှုပ်ဆိုဘိ။ ဦးကြိုထိမူ။ သိသည်အကုံ။ ခုံတိုင်ဦးပြိုး။ အုံးဖုံးစလောင်း။ ပုပွောင်းကားခြုံ။ ပတုံပလွှဲ။ အကြွင်းမဲ့သည်။ ကြိုးကြည်အားထုတ်။ ဟုတ်မှန်တွင်ကျယ်။ ခဝယ်ညှင်းအုပ်ကြွပ်။ ရွှံ့ညွှန်တံပီး။ ပြုံးတီးကြေပျက်။ ငေါ်ငက်မသာ။ နားမှာမဆန်း။ နွယ်လန်းနှာမောင်း။ မြောင်းမြီးအမွေ။ ထွေငေါ်နှုတ်ပွက်။ ထက်တိုက်ခုတိုင်။ မနိုင်ရန်သူ။ ဦးမူမထောင်း။ ကြောင်းအတူတူ။ တူသည့်တရထည်။ ဘဲးကြည်ရှောင်ခွါ။ ကွယ်ရာမဲ့ပဲး။ တီးလင်းကျဲးတိ။ သိသည်စင်ကျေ။ မြောက်မြေပိုင်ဆန်း။ မာကြမ်းခရော်ခရွှတ်။ သွတ်လှယ်မည့်။ တမံ့ဤသို့။ စကားတို့ကို။ ။မှတ်ဘို့တထွေ။ တတ်လှစေ။

၃ မှတ်ပေအမြဲး။ အော်လဲးလဲးတိ။ ဆိုဘိကြိမ်းပျား။ စကားဉသုံ။ အကုန်အစင်။ ဘူးမြင်ချက်တွေ့။ သွား၍ဟူသည်။ မဖည်မယိမ်း။ ကျောက်ကြိမ်းကျောက်တန်။ ကောင်းမှန်ပိတ်စပ်။ သင့်မြတ်သရဘေး။ ဝေးသည်မြေခေါင်။ သံလျောင်ရစ်ပတ်။ ဟည်းပတ်မည်သံ။ အမ်ချအားထုတ်။ အစုတ်ကုန်မြော်။ ချီးမြှောက်စဲးချီး။ အတီးနိမိတ်။ ဒလိဒ္ဒလာ။ ကျန်ရာအထီး။ ကျိကျူးချွတ်လွဲ ။ မမြဲးပြုတ်တု။ ရမ္မကုတ်ကော်။ သရော်ညီစေး။ စင်ဆေးတီးတွက်။ ကွန်တက်လွင့်မြောက်။ သအောက်သအုံ။ မှုံမှုံဆန်ဆန်။ ရန်ကာဆောက်အူ။ အိပ်မူမျောက်မျည်း။ စေးချည်းကြည်ယုံ။ ဆုမ္မကံမြစ်။ ရာစစ်ဆိတ်မော်။ စောကြော်ထောက်ချင့်။ နေ့းလင့်စိုးပြည်။ ခဲးသည်ခက်လှော်။ နံစော်အုံးအောက်။ ကောက်ကစင်းလမ်းဆို။ မြင့်သည်ကိုင္ဂါး။ ကျည်းကားကြင်နာ။ ရှင်မှာဖအဲး။ ဆိုသုံးစွဲးသည်။ ။အမြဲးမှတ်လေသိတတ်စေ။

၄ မှတ်ပေသိနိုင်။ ဂလိုင်လှိုက်ဆူ။ ခိုးသူမောသော။ တောကားဟောဝန်။ မန်းမူစကော။ သင်းချောပွတ်တွန်း။ အဝန်းပတ်လည်။ ထက်ချည်ယိုဖိတ်။ မိတ်ကျွမ်းဝင်သဟော။ လှေဝယ်ပဲ့စီး။ တမုန်ကြီးဟု။ ကယုကယင်။ ပြုပြင်လျော်ပတ်။ တစ်ဆွတ်ရေဆို။ ကံသိုတိုင်ဘူး။ ဦးမစိုက။ မတောင့်တပါ။ နောင်ခါယခေါင်။ ထောင်ထောင်ထားထား။ သောကားဆိုပြီး။ လုံးသီးလုံးပေါ်။ သဘောစေ့စပ်။ အပ်မရာထွေ။ ခြေမနင်းမိ။ ဂုဏ်ရှိလေးတွဲး။ ကွပ်ကဲးကြီးရာ ။ ခြေမှာခပ်မိ။ ထိသည်မယှပ်။ သင်းချပ်တီးမူ။ ဟူသည်အုပ်ကျက်။ မနှစ်သက်ကို။ ဆိုသည်သိမ်းပြည်း။ လျင်လည်းတောက်တပို။ ထိုမှခဏ။ တဒင်္ဂတိ။ သနိသနဲး။ အခွဲးအခြမ်း။ ညှိတမ်းအစေး။ ဆိုရေးမြောက်နှဲး။ မင်းပွဲစိုက်ထူ။ ဟူသည်အလံ။ ခေါ်မှန်ထူးခြား။ ရထားရဲးတမ်းခွန်။ လှေမွန်ရဲးလံ။ ဆင်လံစစ်တမဲး။ ကွဲးလွဲးဆိုလုပ်။ ငုပ်သည်အလန်။ ခြားနားဟန်ကို။ ။မှတ်ကြံသိထွေ။ တတ်လှစေ။

၅ မှတ်လေကြံစည်။ ဆိုမည်ဖားခုံဖားဆင်း။ ချွတ်ယွင်းလည်းဟူ။ အထူအကင်း။ သင်းသီးတခြား။ မှုံစားနှိုးဆော်။ ဘွဲ့နွဲ့သော်မူ။ ပတူပယင်။ ရှောင်း

တခင်လျင်ဆော။ မုနောအတင့်အသရေ။ မရှိသေမူ။ ပအူပစေး။ သန္ဓေးပျော်ကြေ။ လွှဲးထွေတသာ။ ဝါကျိတ်ဝက်ခုတ်။ စည်တုတ်လင်းကွင်း။ ခွက်ခွင်းဆိုမြို့။ မခို့သရို့။ ချို့သည်လုံ့လ။ မြောက်မှမြစ်အောက်။ ဘောက်ဘောက်ပြန်ပြန်။ မဆန်မတီ။ ရှုဤစိန်းလိန်းတင်းလင်း။ ပြီးခြင်းရှုမိ။ သိသိမြင်မြင်။ လူတွင်ကလေးကလား။ လျင်လျားသောတိ။ မရှိလေတန်။ ဆိုပြန်တည့်ဝေး။ အလေးအကံ။ လံပါးအင်စောက်။ မင်ရောက်သစ္စေး။ ချေးဟုဆိုရှောင်း။ မဟောင်းနွမ်းကို။ မမိုမရွှား။ စကားရှေ့စဥ်။ လင်္ကာယဥ်သည်။ ။စိတ်ရည်ကောင်းထွေ သိတတ်စေ။ ။

ရှင်မဟာသီလဝံသဆို ပေါ်ရာဇာကထာ

လင်္ကာဟောင်း ပြီး၏။